KBZ BANK
STRENGTH OF MYANMAR

## TEEN DEBIT CARD အထွေထွေ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) ၏ Teen Debit Card ဝန်ဆောင်မှုအား ရယူအသုံးပြုကြမည့်သူများအနေဖြင့် အောက်တွင် ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျလိုက်နာကြရမည် ဖြစ်သည်။ ဤစည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ကတ်ကိုင်ဆောင်သူမှ ပြုလုပ်မည့် လျှော်ကြေး/ လုပ်ဆောင်မှုများ/ ကိုယ်စားပြုမှုများ အားလုံးသည် အုပ်ထိန်းသူ/မိဘက ပြုလုပ်သည်ဟု မှတ်ယူရမည် ဖြစ်သည်။

### ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁.၁။ **"ငွေစာရင်း"** ဆိုသည်မှာ Teen Debit Card နှင့်ချိတ်ဆက်အသုံးပြုနိုင်ရန်ရည်ရွယ်၍ အုပ်ထိန်းသူ/မိဘ ဖွင့်လှစ်သော ကမ္ဘောဇဘဏ်၏ အပ်ငွေစာရင်းကို ဆိုလိုခြင်းဖြစ်သည်။

၁.၂။ **"ATM"** ဆိုသည်မှာ အလိုအလျောက်ငွေထုတ်စက် သို့မဟုတ် ကတ်အသုံးပြု၍ငွေထုတ်ရသည့် စက်ကို ဆိုလိုသည်။

၁.၃။ **"အလုပ်ဖွင့်ရက်"** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၄။ **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ အုပ်ထိန်းသူ/မိဘ၏ တောင်းဆိုချက်အရ ကမ္ဘောဇဘဏ်မှ Teen Debit Card ထုတ်ပေးသည့် အသက်မပြည့်သေးသောသူ ဖြစ်သည်။

၁.၅။ **"သက်တမ်းကုန်ဆုံးမည့်နေ့ရက်"** ဆိုသည်မှာ Teen Debit Card ပေါ်တွင် "Valid Thru" အဖြစ်ဖော်ပြထားသည့် ကတ်တစ်ကတ်အား နောက်ဆုံးအသုံးပြုနိုင်သည့် နေ့ရက်၊ လ နှင့် ခုနှစ်တို့ကိုဆိုလိုသည်။

၁.၆။ **"အုပ်ထိန်းသူ/မိဘ"** ဆိုသည်မှာ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း အာဏာပိုင်များက အသိအမှတ်ပြုထားသည့် ကတ်ကိုင်ဆောင်သူအား တရားဝင် စောင့်ရှောက်မှုနှင့် ကြီးကြပ်မှုအတွက် တရားဝင် အခွင့်အာဏာနှင့် တာဝန် ရှိသောသူ ဖြစ်သည်။

၁.၇။ **"ငွေသွင်းငွေထုတ်မရှိသောစာရင်း"** ဆိုသည်မှာ ဝန်ဆောင်ခနှင့်အတိုးထည့်ငွေကဲ့သို့ကမ္ဘောဇဘဏ်၏လုပ်ဆောင်မှုအတိုင်း ဆောင်ရွက်သည့်လုပ်ဆောင်မှုမှအပ၊ ကမ္ဘောဇဘဏ်ကသတ်မှတ်ထားသည့် ကာလအတွင်း ငွေအပ်နှံသူက စတင်ဆောင်ရွက်သည့် ငွေထုတ်မှု (သို့မဟုတ်) ငွေသွင်းမှု မရှိသည့်ငွေစာရင်းကို ဆိုလိုသည်။

၁.၈။ **"ကမ္ဘောဇဘဏ်"** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှ တည်ထောင်မည့် ကမ္ဘောဇဘဏ်ခွဲများအပါအဝင် ယခုလက်ရှိ ကမ္ဘောဇဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၉။ **"KYC"** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နှင့်/သို့ အခြား အခွင့်အာဏာပိုင်များမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသော "သင်၏ ဖောက်သည်ကို သိပါ" ဟူသော မှတ်ပုံတင်ရန် လိုအပ်ချက်များ ကို ဆိုလိုသည်။

၁.၁၀။ **"PIN"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူတိုင်းအတွက် သတ်မှတ်ထားသော သီးသန့်ကိုယ်ပိုင် သင်္ကေတနံပါတ်ကို ဆိုလိုသည်။

၁.၁၁။ **"Teen Debit Card"** ဆိုသည်မှာ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူ၏လျှောက်လွှာကို အတည်ပြုပြီးနောက် ကမ္ဘောဇဘဏ်မှ ကတ်ကိုင်ဆောင်သူအား ထုတ်ပေးသည့် သက်ဆိုင်ရာ ကမ္ဘောဇဘဏ်ကတ်နှင့် မည်သည့်ကတ်မဆို ကတ်ပါဝင်သည်။

No.(615/1), Pyay Road, Kamayut Township, Yangon City, Myanmar.
+959 951018555
www.kbzbank.com

၁၁.၂။ **"Website"** ဆိုသည်မှာ www.kbzbank.com လိပ်စာရှိ ကမ္ဘောဇဘဏ်၏ website ကို ဆိုလိုသည်။

## ၂။ Teen Debit Card နှင့် ငွေစာရင်းဖွင့်လှစ်ခြင်း

၂.၁။ အုပ်ထိန်းသူ/မိဘ သည် ကမ္ဘောဇဘဏ်သို့ ကိုယ်တိုင်လာရောက်၍ လိုအပ်သည့် သက်ဆိုင်ရာ စာရွက်စာတမ်း များနှင့်အတူ လျှောက်လွှာအားတင်သွင်းခြင်းဖြင့် အုပ်ထိန်းသူ/မိဘ သည် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကလေး တစ်ဦးချင်း အမည်ဖြင့် Teen Debit Card နှင့် ငွေစာရင်းလျှောက်ထားနိုင်သည်။ ဤကိစ္စရပ်တွင် အုပ်ထိန်းသူ/မိဘ သည် မည်သည့်မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ကမ္ဘောဇဘဏ်၏ ထိခိုက်နစ်နာမှုများအတွက် တာဝန် အပြည့်အဝ ရှိပြီးကတ်ကိုင်ဆောင်သူအား လက်ခံအသုံးပြုစေမှုကြောင့် ပေါ်ပေါက်လာသော ကမ္ဘောဇဘဏ် သို့ အရေးယူမှုများ၊ တိုင်ကြားမှုများနှင့် တောင်းဆိုမှုများအားလုံး အတွက် သော်လည်းကောင်း သို့မဟုတ် ကတ်ကိုင် ဆောင်သူ၏ မသမာမှု၊ သို့မဟုတ် ပေါ့ဆမှုတို့ကြောင့် ပေါ်ပေါက်လာသော ကမ္ဘောဇဘဏ်၏ မည်သည့်ကုန်ကျ စရိတ်များနှင့် ကုန်ကျစရိတ်များ အားလုံးတို့အတွက် မိဘများ သို့မဟုတ် တရားဝင်အုပ်ထိန်းသူတွင် တာဝန်ရှိမည် ဖြစ်ပြီး ကမ္ဘောဇဘဏ်အား လျော်ကြေး ပေးရမည်ဖြစ်သည်။

၂.၂။ အုပ်ထိန်းသူ/မိဘတစ်ဦးသည် ကမ္ဘောဇဘဏ်မှ ငွေစုဘဏ်အပ်ငွေစာရင်းအတွက် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ငွေစာရင်းဖွင့်လှစ်၍ ငွေစာရင်းလုပ်ဆောင်ချက်များအား ဆောင်ရွက်နိုင် ပါသည်။ အုပ်ထိန်းသူ/မိဘသည် ငွေစာရင်းအတွက် ငွေစုဘဏ်အပ်ငွေစာရင်းအတွက် သတ်မှတ်ထားသော အတိုးနှုန်း သတ်မှတ်ချက်များအတိုင်း အတိုးခံစားခွင့်ရှိမည်ဖြစ်သည်။

၂.၃။ ကမ္ဘောဇဘဏ်သည် အုပ်ထိန်းသူမိဘနှင့် ကတ်ကိုင်ဆောင်သူအား ကြိုတင်အသိမပေးဘဲ ကနဦးအပ်ငွေပမာဏ၊ ငွေစာရင်းတွင်ထားရှိရမည့် အနည်းဆုံး လက်ကျန်ငွေပမာဏ၊ အတိုးနှုန်းနှင့် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၏ မည်သည့်စည်းကမ်းချက်ကိုမဆို ကမ္ဘောဇဘဏ်၏တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် မည်သည့်အချိန်တွင်မဆို မည်သည့် အကြောင်းကြောင့်ဖြင့်ဖြစ်စေ ပြင်ဆင် သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းတို့အား လုပ်ဆောင်နိုင်မည် ဖြစ်သည်။

၂.၄။ အုပ်ထိန်းသူ/မိဘသည် ကမ္ဘောဇဘဏ်နှင့် ဖွင့်လှစ်ထားသော ငွေစာရင်း၏ ငွေပေးငွေယူအားလုံးအတွက် တာဝန်ရှိ ပါသည်။

၂.၅။ ငွေစာရင်းသည် ကတ်ကိုင်ဆောင်သူ၏အသက် ၁၈ နှစ်မပြည့်မချင်းအသက်ဝင်နေမည်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူ၏ အသက် ၁၈ နှစ်ပြည့်သည့်အချိန်တွင် အုပ်ထိန်းသူ/မိဘသည် ငွေစာရင်းအားပိတ်နိုင်သည် သို့မဟုတ် ထိုငွေစာရင်းအား ကမ္ဘောဇဘဏ်မှ အရွယ်ရောက်သူအတွက် သတ်မှတ်ထားသော ငွေစာရင်းတစ်ခုသို့ ပြောင်းလဲဖွင့်လှစ်နိုင်မည်ဖြစ်သည်။

၂.၆။ အုပ်ထိန်းသူ/မိဘသို့ ပေးထားသည့် ငွေစာရင်းအား တရားမဝင်သော လွှဲပြောင်းမှုများ သို့မဟုတ် ရည်ရွယ်ချက် များအတွက် အသုံးမပြုရန် ဝန်ခံကတိပြုပြီး သဘောတူပါသည်။

၂.၇။ Teen Debit Card ကိုင်ဆောင်သူများနှင့် ငွေစာရင်းဖွင့်လှစ်အသုံးပြုသူအနေဖြင့် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကစည်းနှောင်းထားမည်ဖြစ်ပြီးအခါအားလျော်စွာ ပြောင်းလဲမည်ဖြစ်သည့်ကမ္ဘောဇဘဏ်၏ လည်ပတ် ဆောင်ရွက်မှုကို ထိန်းချုပ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် စည်းနှောင်ထားမည်။

## ၃။ Teen Debit Card သက်တမ်း

Teen Debit Card ၏ သက်တမ်းသည် ကတ်ကိုင်ဆောင်သူ၏ အသက် ၁၈ နှစ်ပြည့်သည်အထိ သက်တမ်းရှိမည်ဖြစ်သည်။ အသက်ပြည့်ပါက သက်ဆိုင်ရာ ကမ္ဘောဇဘဏ်ကတ်အား လျှောက်ထားနိုင်ပါသည်။

## ၄။ Teen Debit Card ကတ်ပိုင်ဆိုင်မှုနှင့်အသုံးပြုမှု

၄.၁။ Teen Debit Card သည် မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်မှ ပိုင်ဆိုင်သော ပစ္စည်းသာဖြစ်သည်။

၄.၂။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူမှ တင်ပြသောအချက်အလက်များမှာ မှားယွင်းပါက သို့မဟုတ် Teen Debit Card ကို အလွဲသုံးစားလုပ်ပါက ကတ်ကိုင်ဆောင်ထားသူထံ ထုတ်ပေးသော Teen Debit Card အား သိမ်းယူရန်/ ပယ်ဖျက်ရန် အပြည့်အဝ အခွင့်အရေးကိုလက်ဝယ်ရှိပါသည်။

၄.၃။ Teen Debit Card သည် လွှဲပြောင်း၍မရသည့် အပြင် ကတ်ကိုင်ဆောင်သူသာ သီးသန့်အသုံးပြုရမည် ဖြစ်သည်။

၄.၄။ ကတ်အားလက်ဝယ်ထားခြင်း၊ အသုံးပြုခြင်းနှင့် ကတ်အားထိန်းသိမ်း ဆောင်ရွက်ရန်တို့သည် Teen Debit Card ကိုင်ဆောင်သူ တစ်ဦးတည်းတွင်သာလျှင် တာဝန်အပြည့်အဝ ရှိမည်ဖြစ်သည်။

၄.၅။ Teen Debit Card ကိုင်ဆောင်သူသည် ဥပဒေနှင့်ဆန့်ကျင်သော မည်သည့်ဆောင်ရွက်ချက်မျိုးအတွက်မဆို သို့မဟုတ် ဥပဒေအရ တားမြစ်ထားသော မည်သည့်ရည်ရွယ်ချက်အတွက်မဆို Teen Debit Card အားအသုံးမပြုရပါ။

၄.၆။ ကတ်ကိုင်ဆောင်သူသည် Teen Debit Card နှင့် ချိတ်ဆက်ထားသော ငွေစာရင်းရှိ လက်ကျန်ငွေပေါ်မူတည်၍ ကတ်အား အသုံးပြုနိုင်သည်။ Teen Debit Card နှင့် ချိတ်ဆက်ထားသော ကတ်ကိုင်ဆောင်သူ၏ ငွေစာရင်းရှိ စုစုပေါင်း လက်ကျန်ငွေ မလုံလောက်ပါက၊ ကတ်ကိုင်ဆောင်သူ၏ transaction ကို အလိုအလျောက် ငြင်းပယ်ပါမည် ဖြစ်သည်။

၄.၇။ ကတ်ကိုင်ဆောင်သူအား ထုတ်ပေးထားသော Teen Debit Card ကိုအသုံးပြု၍ ပြုလုပ်သော ငွေကြေး transaction အားလုံးသည် Teen Debit Card နှင့် ချိတ်ဆက်ထားသော ငွေစာရင်းမှ နုတ်ယူမည်ဖြစ်သည်။

## ၅။ ကတ်ကိုင်ဆောင်သူ၏ တာဝန်ဝတ္တရားများ

၅.၁။ ကတ်ကိုင်ဆောင်သူသည် တိကျမှန်ကန်၍ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသောအချက်အလက်များကို ပေးရန် တာဝန်ရှိသည်။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူမှပေးသော အချက်အလက်နှင့် စာရွက်စာတမ်းများ အားလုံး သည် တိကျမှန်ကန်၍ နောက်ဆုံးပေါ် အချက်အလက် ဖြစ်သည်ဟု မှတ်ယူပါသည်။

၅.၂။ ကတ်ကိုင်ဆောင်သူနှင့် အုပ်ထိန်းသူ/မိဘသည် လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အခြားကတ် လျှောက်ထား စဉ်က ပေးထားသော အချက်အလက်တစ်စုံတစ်ရာ ပြောင်းလဲပါက ကမ္ဘောဇဘဏ်သို့ ချက်ချင်းစာဖြင့် အကြောင်းကြားရမည်။

၅.၃။ ကတ်ကိုင်ဆောင်သူသည် Teen Debit Card အား အချိန်တိုင်းလုံးခြုံစွာ ထိန်းသိမ်းထားရှိရမည် ဖြစ်သည်။

၅.၄။ Teen Debit Card ကို အသက်သွင်းပြီးနောက်၊ ကတ်ကိုင်ဆောင်သူသည် ၎င်း၏ကိုယ်ပိုင် PIN နံပါတ်ကို ပေးအပ်မျှဝေ ခြင်းမပြုရပါ။

၅.၅။ Teen Debit Card သည် ကမ္ဘောဇဘဏ်ပိုင်ပစ္စည်းဖြစ်ပြီး ဘဏ်ကတောင်းခံလာပါက ကမ္ဘောဇဘဏ်၏ ကတ်ဌာနသို့ ချက်ခြင်းပြန်လည် ပေးအပ်ရမည်။

၅.၆။ Transactions အားလုံးနှင့် သက်ဆိုင်ရာငွေကြေးကောက်ခံမှု အားလုံးအတွက် ကတ်ကိုင်ဆောင်သူတွင်သာလျှင် တာဝန်ရှိသည်။

၅.၇။ ကတ်ကိုင်ဆောင်သူ၏ ခွင့်ပြုချက်ရ၍ဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ သို့မဟုတ် ကတ်ကိုင်ဆောင်သူအနေဖြင့် အတိအလင်းသော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်သော နည်းဖြင့်သော် လည်းကောင်း သိရှိ၍ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ မည်သည့်အခြေအနေတွင်မဆို Teen Debit Card အားအသုံးပြုမှုအားလုံးအတွက် ကတ်ကိုင်ဆောင်သူထံတွင်သာ လျှင်အပြည့်အဝ တာဝန်ရှိသည်။

၅.၈။ ကတ်ကိုအသုံးပြုပြီး သုံးစွဲသည့် ပမာဏများအားလုံးအတွက် Teen Debit Card နှင့်ချိတ်ဆက် အသုံးပြုသော ငွေစာရင်းမှ နှုတ်ယူရန် ကတ်ကိုင်ဆောင်သူမှ ကမ္ဘောဇဘဏ်အား အခွင့်အာဏာပေးထားသည်။

၅.၉။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားမလိုအပ်တော့ခြင်းကြောင့်ဖြစ်စေ၊ ကတ်သက်တမ်းကုန်ဆုံးသွားခြင်းကြောင့် ဖြစ်စေ၊ ကတ်ပျောက်ဆုံးကြောင်းအသိပေးအကြောင်းကြားပြီးနောက် ကတ်အား ပြန်လည်တွေ့ရှိခြင်း ဖြစ်စေ ကတ်ကိုင် ဆောင်သူအနေဖြင့် ကတ်အားဘဏ်သို့ ပြန်လည်ပေးအပ်ရမည်။

၅.၁၀။ ကတ်ကိုင်ဆောင်သူသည် ကတ်လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ကတ်ကိုင်ဆောင်သူထံ ထုတ်ပေးသည့်ကတ်အားလုံး တွင် မှင်ဖြင့် လက်မှတ်ထိုးရန် လိုအပ်ပါသည်။ Teen Debit Card ၏နောက်တွင်ရှိသော နေရာလွတ် ကိုအသုံးပြုပါ။

၅.၁၁။ ကတ်ကိုင်ဆောင်သူသည် ဝယ်ယူမှု၊ ငွေထုတ်မှု၊ လွှဲပြောင်းမှုများနှင့် အခြားငွေကြေးဆိုင်ရာ transactions များအပါအဝင် ၎င်းတို့အား ထုတ်ပေးသည့် Teen Debit Card ကို အသုံးပြု၍ ပြုလုပ်သော transactions များအားလုံးအတွက် ၎င်းတို့တွင်သာ တာဝန်ရှိကြောင်း ကတ်ကိုင်ဆောင်သူမှ သိရှိသဘောတူလက်ခံပါသည်။

၅.၁၂။ ကတ်ကိုင်ဆောင်သူ၏ အသက် ၁၈ နှစ်ပြည့်ပြီးပါက အုပ်ထိန်းသူ/မိဘနှင့် ကတ်ကိုင်ဆောင်ထားသူသည် Teen Debit Card နှင့်ချိတ်ဆက်အသုံးပြုသော ငွေစာရင်းကို အရွယ်ရောက်ပြီးသူ ငွေစုဘဏ်အပ်ငွေစာရင်းသို့ ကူးပြောင်းလိုကြောင်း ကမ္ဘောဇဘဏ်သို့ အကြောင်းကြားရန် တာဝန်ရှိပါသည်။ အုပ်ထိန်းသူ/မိဘ နှင့် ကတ်ကိုင်ဆောင်သူနှစ်ဦးစလုံးသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အရွယ်ရောက်သူများဖွင့်လှစ်နိုင်သည့် ငွေစာရင်းသို့ ပြောင်းလဲရန် သို့မဟုတ် ငွေစုဘဏ်စာရင်းကို ပိတ်ရန်အတွက် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အချိန်ကာလအတွင်း လိုအပ်သော သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ ကမ္ဘောဇဘဏ်သို့ လူကိုယ်တိုင် လာရောက်ရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ရန် အုပ်ထိန်းသူ/မိဘမှ ပျက်ကွက်ပါက ကမ္ဘောဇဘဏ်သည် အုပ်ထိန်းသူ/မိဘနှင့် ကတ်ကိုင်ဆောင်သူအား ကြိုတင်အကြောင်းကြားရန်တာဝန်မရှိဘဲ Teen Debit Card နှင့်ချိတ်ဆက်ထားသောငွေစာရင်းကိုပိတ်ခြင်း သို့မဟုတ် Teen Debit Card နှင့်ငွေစာရင်း ကိုသက်ဝင်ခြင်းမရှိအောင် လုပ်ခြင်းဖြင့် ဝန်ဆောင်မှုအား တားမြစ်ခွင့်ရှိသည်ကို အုပ်ထိန်းသူ/မိဘနှင့် ကတ်ကိုင်ဆောင်သူသည် သိရှိနားလည်သဘောတူပါသည်။

၅.၁၃။ ဆိုင်းငံ့ထားစဉ်ကာလအတွင်း၊ Teen Debit Card နှင့်ငွေစာရင်း သည် မည်သည့်ငွေကြေး လွှဲပြောင်းမှုများ အတွက်မဆို ဝင်ရောက်အသုံးပြုခွင့် မရနိုင်ဘဲ၊ မည်သည့်ငွေပေးချေမှုကိုမဆို သို့မဟုတ် ငွေစာရင်းများကို ယာယီဆိုင်းငံ့ ထားမည်ဖြစ်သည်။ အုပ်ထိန်းသူ/မိဘနှင့် ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော သတ်မှတ် ကာလအတွင်း ဆိုင်းငံ့ထားသည့် Teen Debit Card နှင့်ငွေစာရင်း ကို အရွယ်ရောက်ပြီးသူ ငွေစု ဘဏ်အပ်ငွေစာရင်းသို့ ကူးပြောင်းခြင်း မပြုပါက၊ ကမ္ဘောဇဘဏ်သည် Teen Debit Card နှင့်ငွေစာရင်း အား အပြီးတိုင် ပိတ်သိမ်းခြင်းအတွက် ဆက်လက်ဆောင်ရွက်ပိုင်ခွင့်ကို လက်ဝယ်ရှိပါသည်။

၅၊၁၄။ ကတ်ကိုင်ဆောင်သူအရွယ်မရောက်မီ Teen Debit Card နှင့်ချိတ်ဆက်အသုံးပြုသော ငွေစာရင်းကို ထိန်းချုပ်ထားသော မိဘ/အုပ်ထိန်းသူ၏ သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို အုပ်ထိန်းသူ/မိဘအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိလျှင် အောက်ပါအခြေအနေများကို ကျင့်သုံးရမည်-

၅၊၁၄၊၁။ အကယ်၍ ကတ်ကိုင်ဆောင်သူတွင် ကျန်ရစ်သူမိဘတစ်ဦးကျန်ရှိလျှင် ငွေစာရင်းကို စီမံခန့်ခွဲထိန်းချုပ်ခဲ့သော မိဘ၏ သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ကိစ္စရပ်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း ကိစရပ်များအတွက် ကျန်ရစ်သူမိဘမှ ကမ္ဘောဇဘဏ်သို့ ချက်ခြင်းအကြောင်းကြားရမည်ဖြစ်သည်။ ကျန်ရစ်သူမိဘသည် ကမ္ဘောဇဘဏ်မစစ်ဆေးအတည်ပြုနိုင်အတွက် လိုအပ်သောစာရွက်စာတမ်းများ ကို ပေးပို့ခြင်းဖြင့် ငွေစာရင်းနှင့် ဆက်စပ်နေသော မိဘကို ပြောင်းလဲရန် တောင်းဆိုရမည်။

၅၊၁၄၊၂။ အကယ်၍ ကျန်ရစ်သူမိဘမရှိလျှင်၊ သို့မဟုတ် ကျန်ရစ်သူမိဘသည် စိတ်ပေါ့သွပ်ခြင်း ငွေစာရင်းကို စီမံခန့်ခွဲနိုင်ခြင်းမရှိဟု ယူဆပါက၊ ငွေစာရင်းအား စီမံခန့်ခွဲရန်နှင့်ဆောင်ရွက်ရန်အတွက် ကတ်ကိုင်ဆောင်သူ၏ တရားဝင် အုပ်ထိန်းသူအား ခန့်အပ်ရမည်။ အဆိုပါခန့်အပ်ထားသော တရားဝင်အုပ်ထိန်းသူအား စိစစ်အတည်ပြုရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ ကမ္ဘောဇဘဏ်လီမိတက်သို့ တင်ပြရန် လိုအပ်ပါသည်။

၅၊၁၄၊၃။ အကယ်၍ လက်ရှိ အုပ်ထိန်းသူသည် သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ အုပ်ထိန်းသူအနေဖြင့် မည်သည့်အကြောင်းကြောင့်မဆို ကတ်ကိုင်ဆောင်သူ၏ အုပ်ထိန်းသူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိပါက၊ အသစ်ခန့်အပ်ထားသော တရားဝင် ထိုအုပ်ထိန်းသူသည် လက်ရှိ အုပ်ထိန်းသူ၏ သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ကတ်ကိုင်ဆောင်သူ၏ အုပ်ထိန်းသူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိကြောင်းကို ကမ္ဘောဇဘဏ်သို့ ချက်ခြင်းအသိပေးရမည်ဖြစ်သည်။ အသစ်ခန့်အပ်ထားသော တရားဝင် အုပ်ထိန်းသူအား စိစစ်အတည်ပြုနိုင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများကို ကမ္ဘောဇဘဏ်သို့ ပေးခြင်းဖြင့် ငွေစာရင်းနှင့် သက်ဆိုင်သည့် အုပ်ထိန်းသူကို ပြောင်းလဲရန် တောင်းဆိုရမည်ဖြစ်ပါသည်။

၅၊၁၄၊၄။ အကယ်၍မိဘနှစ်ပါးစလုံး ကွယ်လွန်ပြီး အုပ်ထိန်းသူအား ခန့်အပ်ထားခြင်းမရှိပါက၊ ကတ်ကိုင်ဆောင်သူအတွက် အုပ်ထိန်းသူအား ခန့်အပ်ခြင်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်သည်။

## ၆။ ကတ်ပျောက်ဆုံးခြင်း/ခိုးယူခံရခြင်း

၆၊၁။ ကတ်ကိုင်ဆောင်သူသည် သင့်တင့်လျောက်ပတ်သော ကြိုတင်ကာကွယ်မှုအားလုံးကိုပြုလုပ်၍ ကတ်ပျောက်ဆုံး ခြင်းမရှိစေရန်၊ ခိုးယူခံရခြင်းမရှိစေရန် သို့မဟုတ် ခွင့်ပြုချက်မရဘဲ အသုံးချခြင်းမျိုးမဖြစ်စေရန် ကတ်အား အကာအကွယ်ပေးသွားရန် ကတ်ကိုင်ဆောင်သူမှသဘောတူပါသည်။

၆၊၂။ ကတ်ကိုင်ဆောင်သူ၏ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် တစ်စုံတစ်ယောက်က ကတ်ကိုင်ဆောင်သူ၏ကတ်အား အသုံးပြုပြီး ခွင့်ပြုချက်မရှိသည့် Transaction များပြုလုပ်သည်ဟု ယုံကြည်ရန် အကြောင်းများရှိလျှင် သို့မဟုတ် ကတ်ကိုင်ဆောင်သူ၏ခွင့်ပြုချက်မရဘဲ ကတ်အားသုံးစွဲရန်ကြိုးပမ်းလျှင် ကတ်ကိုင်ဆောင်သူသည် ဘဏ်သို့လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ email ဖြင့်စာရေးသား အကြောင်းကြား၍ဖြစ်စေ

ကမ္ဘောဇဘဏ်ထံသို့ ချက်ချင်းအသိပေးအကြောင်းကြားရမည်။ ကမ္ဘောဇဘဏ်မှ လိုအပ်ပါက ကတ်ကိုင်ဆောင်သူအား မေးမြန်းတောင်းခံသည့် ကတ်ကိုင်ဆောင်သူ၏ KYC များစစ်ဆေးပြီးသည်အထိ ကတ်ကိုင်ဆောင်သူသည် ငွေသား အလွှဲအပြောင်းများအပါအဝင် ကတ်ရှိ transactions အားလုံးအတွက် တာဝန်ရှိပါမည်။

၆.၃။ ကမ္ဘောဇဘဏ်မှ လိုအပ်ပါက ကတ်ကိုင်ဆောင်သူအား မေးမြန်းတောင်းခံသည့် ကတ်ကိုင်ဆောင်သူ၏အမည်၊ ကတ်နံပါတ်၊ ကတ်သက်တမ်းကုန်ဆုံးမည့်ရက်၊ ကတ်၏မူရင်းတန်ဖိုး နှင့် Transaction ပြုလုပ်ထားသည့် သမိုင်းကြောင်း တို့အား ပေးရမည်ဖြစ်သည်။

၆.၄။ ကတ်ပျောက်ဆုံးကြောင်း ကမ္ဘောဇဘဏ်ထံသို့ ကတ်ကိုင်ဆောင်သူမှ အသိပေးအကြောင်းကြားသည့် အချိန်အထိ ကတ်ကိုင်ဆောင်သူ၏ကတ်ဖြင့်ပြုလုပ်သည့် Transaction အားလုံးအတွက် ကတ်ကိုင်ဆောင်သူ ထံတွင်သာလျှင် တာဝန်ရှိမည်ဖြစ်သည်။

၆.၅။ အစားထိုးပေးမည့်ကတ်အသစ်ကို ထုတ်ပေးမည်ဖြစ်ပြီး ရှိသည့်လက်ကျန်ငွေကို လွှဲထည့်ပေးမည်ဖြစ်သည်။

၆.၆။ ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားခြင်းကြောင့်အစားထိုးထုတ်ပေးရသည့်ကတ်အတွက် ကမ္ဘောဇဘဏ်က အခါအား လျော်စွာ သတ်မှတ်မည်ဖြစ်သည့် အခကြေးငွေကို ကတ်ကိုင်ဆောင်ထံမှ ကောက်ခံမည်ဖြစ်သည်။

## ၇။ ကမ္ဘောဇဘဏ်၏အခွင့်အရေး

၇.၁။ ကမ္ဘောဇဘဏ်သည် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် ကတ်ကိုင်ဆောင်သူနှင့် အုပ်ထိန်းသူ/မိဘထံသို့ ကြိုတင်အသိပေး အကြောင်းကြားမှု မလုပ်ဘဲ ကတ်အားရုပ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း သို့မဟုတ် ကတ်၏ အင်္ဂါရပ်များကို ပြောင်းလဲ ခြင်းများ ပြုလုပ်ပိုင် ခွင့်ရှိသည်။

၇.၂။ ကတ်အားခွင့်ပြုချက်မရှိဘဲသုံးစွဲနေကြောင်း သို့မဟုတ် Transaction ပြုလုပ်မှုသည် အစစ်အမှန်မဟုတ်ကြောင်း သို့မဟုတ် ရှင်းလင်းမှုမရှိကြောင်း သို့မဟုတ် ထိုသို့ဖြစ်နေသည်ဟု သင်္ကာမကင်းဖွယ်ရှိကြောင်း သို့မဟုတ် မည်သည့် အကြောင်းကြောင့်မဆို ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် ကမ္ဘောဇဘဏ် သည် Transaction အားဆောင်ရွက်ပေးခြင်းမပြုရန် ၎င်း၏သဘောဖြင့်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၇.၃။ ကမ္ဘောဇဘဏ်သည် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် ATM တွင် ကတ်ကိုင်ဆောင်သူဝင်ရောက်အသုံးပြုမှုအား ဗီဒီယိုရိုက်ကူးခြင်း သို့မဟုတ် ကင်မရာဖြင့်မှတ်တမ်းတင်ခြင်းများပြုလုပ်နိုင်ပြီး ထိုသို့ရိုက်ကူးထားမှုကို မည်သည့် တရားစွဲဆို မှုတွင် မဆို သက်သေအဖြစ်တင်သွင်းနိုင်သည်။

၇.၄။ ကမ္ဘောဇဘဏ်သည် မည်သည့်အကြောင်းပြချက်ကိုမျှ မသတ်မှတ်ဘဲ ကမ္ဘောဇဘဏ်၏ တစ်ခုတည်းသော ဆုံးဖြတ်ချက် ဖြင့် ကတ်နှင့်/သို့မဟုတ် ငွေစာရင်းအတွက် အုပ်ထိန်းသူ/မိဘ၏ လျှောက်ထားချက်အား ငြင်းပယ်ခြင်းနှင့် ငြင်းပယ်ပိုင် ခွင့်ကို လက်ဝယ်ထားရှိထားပြီး ကမ္ဘောဇဘဏ်၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်မည်ဖြစ်သည်။

၇.၅။ ကတ်ကိုင်ဆောင်သူသည် ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်နိုင်သည်ဟု ကမ္ဘောဇဘဏ်မှ ယုံကြည် သော မည်သည့်ငွေပေးချေမှုကိုမဆို ကမ္ဘောဇဘဏ်မှ လုပ်ဆောင်ရန် ငြင်းဆိုနိုင်သည်။

၇.၆။ ကတ်ကိုင်ဆောင်သူသည် အောက်ပါအချက်များကိုလုပ်ဆောင်ပါက ကတ်ကိုင်ဆောင်သူ၏ transaction ကို ငြင်းပယ် နိုင်သည်-

(က) တရားမဝင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ဝယ်ယူရန် ကတ်ကို အသုံးပြုခြင်း

(ခ) ဤသဘောတူညီချက်တွင်ဖော်ပြထားသော ငွေပေးငွေယူကန့်သတ်ချက်များကို ကျော်လွန်ခြင်း

(ဂ) ငွေပေးငွေယူအတွက် ကတ်ကိုင်ဆောင်သူ၏ကတ်တွင် လုံလောက်သောငွေကြေးမရှိခြင်း၊

(ဃ) မှန်ကန်သော PIN ကို မထည့်ခြင်း သို့မဟုတ်

(င) ကမ္ဘောဇဘဏ်သည် ငွေပေးငွေယူကို လိမ်လည်နေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများနှင့်အညီ မလိုက်နာခြင်း ယုံကြည်ရန်အကြောင်းရှိခြင်း။

## ၈။ ကတ်အသုံးပြုနိုင်ခြင်းနှင့်ကတ်အားအဆက်မပြတ်အသုံးပြုနိုင်မှုအပေါ် အာမခံချက်မပေးခြင်း

ကတ်အသုံးပြုမှုသည် အခါအားလျော်စွာ အလုပ် လုပ်ဆောင်နိုင်ခြင်းမရှိသည့် အခြေအနေမျိုးဖြစ်တတ်ပြီး ထိုသို့ဖြစ်ပါက ကတ်ကိုင်ဆောင်သူ အနေဖြင့်ကတ်ကို အသုံးပြုနိုင်မည်မဟုတ်ဘဲ ကတ်တွင်ရှိသည့် လက်ကျန်ငွေနှင့်ပတ်သက်သည့် အချက်အလက်များကိုမရရှိဘဲလည်း ဖြစ်နိုင်ပါသည်။ ကတ်အသုံးပြုမှုနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာရှိပါက ကမ္ဘောဇဘဏ်ထံသို့ အသိပေးအကြောင်းကြားစေလိုပါသည်။ မည်သို့သောဝန်ဆောင်မှု ပြတ်တောက်ခြင်း များနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကတ်ကိုင်ဆောင်သူက သဘောတူညီသည်။

## ၉။ ဝယ်ယူမှုနှင့်ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်ခြင်းနှင့် ငွေပြန်အမ်းခြင်း

ကတ်ကိုအသုံးပြုပြီး ကတ်ကိုင်ဆောင်သူဆောင်ရွက်လိုက်သည့် အရောင်းအဝယ်နှင့်ပတ်သက်ပြီး ပေါ်ပေါက်လာရသည့် မည်သို့သော အငြင်းပွားမှုမျိုးမဆို ဖြစ်ပေါ်လာပါက ထိုသို့သောအငြင်းပွားမှုမျိုးကို အရောင်းအဝယ်ပြုလုပ်ခဲ့သည့် merchant နှင့်ဖြေရှင်းမည်ဟု ကတ်ကိုင်ဆောင်သူဘက်မှ သဘောတူညီပါသည်။ အရည်အသွေးအရဖြစ်စေ၊ လုံခြုံမှုအရဖြစ်စေ၊ တရားဥပဒေနှင့်ကိုက်ညီမှုအရဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူ၏ကတ်ကိုသုံးပြီး ကတ်ကိုင်ဆောင် သူမှ ဆောင်ရွက်ခဲ့သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အရောင်းအဝယ် ကြောင့်ဖြစ်ပေါ်လာရသော မည်သည့်ပြဿနာမျိုးအတွက်မဆို ကမ္ဘောဇဘဏ် ထံတွင်တာဝန်မရှိစေရ။ အငြင်းပွားမှုနှင့် ငွေပြန်အမ်းခြင်း ကိစ္စနှင့်ပတ်သက်၍ ကတ်ကိုင်ဆောင်သူသည် ဤကိစ္စနှင့် ပတ်သက်၍ ကမ္ဘောဇဘဏ်၏ ဆုံးဖြတ်ချက်များသာလျှင် အတည်ဖြစ်မည်ဆိုသည်ကို ကတ်ကိုင်ဆောင်သူသည် သိရှိနားလည်ပြီး၊ အသိအမှတ်ပြု၊ နားလည်သဘောပေါက်ပြီး သဘောတူပါသည်။ ထို့အပြင် ကတ်ကိုင်ဆောင်သူသည် အငြင်းပွားမှုနှင့် ငွေပြန်အမ်းသည့်ကိစ္စနှင့်ဆက်စပ်သည့် မည်သည့်အခကြေးငွေများအတွက်မဆို ငွေပေးသွင်းရန်တာဝန် ရှိပါသည်။ ကတ်ကိုင်ဆောင်သူ၏ လက်ဝယ်တွင် ရှိရမည် ကတ်နှင့်ပတ်သတ်၍ ကတ်ကိုင်ဆောင်သူ၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ သို့မဟုတ် ခွင့်ပြုချက်မရဘဲဖြစ်စေ မည်သည့် လူပုဂ္ဂိုလ်မှမဆို ပြုလုပ်သည့် Transactions များအပါအဝင် Transactions အားလုံးနှင့် သက်ဆိုင်ရာ ကောက်ခံမှုအားလုံးအတွက် ကတ်ကိုင်ဆောင်သူတွင်သာလျှင် တာဝန်ရှိသည်။ ကတ်ကိုင်ဆောင်သူသည် ကတ်ကိုင်ဆောင်သူ၏ Teen Debit Cardနှင့် သက်ဆိုင်သည့် transactionများအားလုံးအတွက် သူ၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ သို့မဟုတ် ခွင့်ပြုချက်မပါဘဲဖြစ်စေ ကတ်ကိုင်ဆောင်သူ၏ကတ်နှင့် ပတ်သက်သည့် အခကြေးငွေများအတွက် တာဝန်ရှိပါသည်။

## ၁၀။ အာမခံများနှင့်သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည်မှအပ မည်သည့်ရည်ရွယ်ချက်အတွက်မဆို ကူးသန်းရောင်းဝယ်မှုအရ အာမခံချက်ပေးခြင်း သို့မဟုတ် ရည်ရွယ်ချက်တစ်ခုခုအတွက် သင့်တော်သည်ဟုပြောဆိုခြင်း သို့မဟုတ်

သတ်မှတ်ချက်စည်းမျဉ်းများ သို့မဟုတ် ဥပဒေကြောင်းအရဖြစ်ပေါ်လာခြင်း သို့မဟုတ် အရောင်းအဝယ်လုပ်သည့်ပုံစံ သို့မဟုတ် ကုန်သွယ်မှုပုံစံများသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့ အပါအဝင်ဖြစ်ပြီး ကတ်နှင့် ပတ်သက်၍ ဖော်ပြထားမှုကြောင့်ဖြစ်စေ၊ ကတ်နှင့်သက်ဆိုင်မှုကြောင့်ဖြစ်စေ၊ customer ဝန်ဆောင်မှုလုပ်ငန်းများ နှင့်ပတ်သက်၍ဖြစ်စေ၊ သို့မဟုတ် ဤစည်းမျဉ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည့် အကြောင်းအရာများအရဖြစ်စေ ကမ္ဘောဇဘဏ်သည် Teen Debit Card ကိုင်ဆောင်သူအား မည်သို့သောကိုယ်စားပြုမှု သို့မဟုတ် အာမခံချက် မျိုးကိုမဆို ပေးထားခြင်းမရှိပါ။

## ၁၁။ တာဝန်ရှိမှုကန့်သတ်ချက်

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ် သက်ဆိုင်ရာတည်ဆဲဥပဒေ၏ လိုအပ်ချက်များအရ အတိအလင်း ဖော်ပြထားသည်မှတပါး ကမ္ဘောဇဘဏ်အနေဖြင့် မကောင်းသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းမရှိလျှင် ဤစည်းမျဉ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များအရ မည်သည့် တာဝန်ဝတ္တရားမျိုးကိုမဆို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ကြောင့် ပေါ်ပေါက်လာရသော Teen Debit Card ကိုင်ဆောင်သူ၏ မည်သည့်ကိစ္စရပ် အတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။ အထက်ဖော်ပြပါအချက်များ သာမက ကမ္ဘောဇဘဏ်၏ ထိန်းချုပ်မှုထက် ကျော်လွန်သည့် အခြေအနေများမှ ဖြစ်ပေါ်လာသော ကြန့်ကြာမှုများ သို့မဟုတ် အမှားများ အပါအဝင် ဟုသာ ကန့်သတ်ထားခြင်း မရှိဘဲ အစိုးရအာဏာပိုင်များ၏ လုပ်ရပ်များ၊ နိုင်ငံတော် အရေးပေါ်အခြေအနေ၊ ဆူပူသောင်းကျန်းမှု၊ စစ်ပွဲ၊ သဘာဝဘေး အန္တရာယ်များ၊ အဓိကရုဏ်းများ၊ ပျက်ကွက်မှုများ (သို့မဟုတ်) ကုန်သည်များထံသို့ ငွေပေးချေခြင်း၊ ကုန်သည်များ၏ ပျက်ကွက်မှုများ၊ ဆက်သွယ်ရေးစနစ်များ၊ ချို့ယွင်းမှု၊ သို့မဟုတ် စက်ကိရိယာ သို့မဟုတ် စနစ်များတွင် အခက်အခဲများ သို့မဟုတ် ချို့ယွင်းမှုများ အတွက် ကမ္ဘောဇဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။ အထက်ဖော်ပြပါ အချက်များဟုသာ ကန့်သတ်ထားခြင်း မရှိဘဲ စက်ကိရိယာ၊ အင်တာနက်ဝန်ဆောင်မှု၊ ငွေပေးချေမှုစနစ် သို့မဟုတ် ဖောက်သည် ဝန်ဆောင်မှု လုပ်ဆောင်ချက် တစ်ခုခုကြောင့် ကြန့်ကြာမှု၊ ချို့ယွင်းမှု သို့မဟုတ် ချို့ယွင်းချက်များ အတွက် ကမ္ဘောဇဘဏ်မှ တာဝန်ယူမည်မဟုတ်ပါ။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူအား တာဝန်ခံမှုရှိပါက၊ ကတ်ကိုင်ဆောင်သူ၏ အမှန်တကယ်နှင့် တိုက်ရိုက်ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ရယူရန် အခွင့်အရေး ရှိမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူမှ ထိုသို့သော ပျက်စီးမှုများ ဖြစ်နိုင်ခြေကို ကမ္ဘောဇဘဏ်မှ အကြံပြုထားသော်လည်း ကတ်ကိုင်ဆောင်သူ သည် သွယ်ဝိုက်သော၊ အကျိုးဆက် နောက်ဆက်တွဲဖြစ်သော၊ စံနမူနာပြသော၊ သို့မဟုတ် အထူးပျက်စီး ဆုံးရှုံးမှုများကို ပြန်လည်ရယူရန် အခွင့်အရေးရှိမည်မဟုတ်ပါ။

## ၁၂။ လွှဲပြောင်းနိုင်မှု

၁၂.၁။ ကတ်ကိုင်ဆောင်သူအတွက် အုပ်ထိန်းသူ/မိဘထံ ပေးထားသည့် ငွေစာရင်းကို ကမ္ဘောဇဘဏ်မှ အတိအလင်း ခွင့်ပြုထားသော ကိစ္စများနှင့် ကမ္ဘောဇဘဏ်၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထားသော ကိစ္စရပ်များ မှအပ မည်သည့်အခြေအနေမျိုးတွင်မဆို လွှဲပြောင်းခွင့်မရှိပါ။

၁၂.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏အခွင့်အရေး၊ အကျိုးခံစားခွင့် (သို့မဟုတ်) တာဝန်များအားလုံးကို မည်သူ့ကိုမဆို လွှဲပြောင်း၊ လွှဲအပ် (သို့မဟုတ်) ရောင်းချခွင့်ရှိပြီး ဤစည်းကမ်းချက်များသည် ကမ္ဘောဇဘဏ်ကို ဆက်ခံသူ၊ လွှဲပြောင်း လက်ခံသူများ၏ အကျိုးအတွက် ဆက်လက်အာဏာသက်ရောက်စေရမည်။

## ၁၃။ ကြွေးမြီတာဝန်များ

ကမ္ဘောဇဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ ကတ်ကိုင်ဆောင်သူသည် ကတ်နှင့် ငွေစာရင်းမှနေ၍ သော်လည်းကောင်း၊ ယင်းစာရင်းထဲရှိ ငွေတစ်ခုခုမှသော်လည်းကောင်း၊ ကြွေးမြီတာဝန်တစ်ခုခု (သို့မဟုတ်) အခြားသော အဖွဲ့၏ အကျိုးစီးပွားတစ်ခုခု ဖန်တီးခြင်း၊ ဖြစ်ပေါ်ခွင့်ပြုခြင်းတို့ မဖြစ်စေရ။

## ၁၄။ နုတ်ယူပိုင်ခွင့်

ကတ်ကိုင်ဆောင်သူသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့် အကြောင်းပြချက် ကြောင့်ဖြစ်စေ မှားယွင်းသော ငွေလွှဲပြောင်းမှုများကြောင့် မှားယွင်းစွာထည့်သွင်းထားသော ပိုလျှံငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။ ယင်းပိုလျှံငွေများသည် ကတ်ကိုင်ဆောင်သူ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ ကမ္ဘောဇဘဏ်သည် အဆိုပါ ပိုလျှံအပ်ငွေများကို မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်း အရပ်ရပ်ဖြင့် နုတ်ယူနိုင်သည်။

## ၁၅။ စွန့်လွှတ်မှု

၁၅.၁။ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်တွင်ဖော်ပြပါရှိသော ရပိုင်ခွင့်၊ အာဏာ (သို့မဟုတ်) အခွင့်အရေးကို ကျင့်သုံးရန် ကမ္ဘောဇဘဏ်ကပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် စွန့်လွှတ်ခြင်းဟု မမှတ်ယူရသလို ရပိုင်ခွင့်၊ အာဏာ သို့မဟုတ် အခွင့်အရေးကို တစ်ခုတည်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းတည်း ကျင့်သုံးမှုသည်လည်း အခွင့်အရေးများကို စွန့်လွှတ်ခြင်း မမြောက်စေရ။

၁၅.၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေအရပေးအပ်ထားသော အခွင့်အရေး (သို့မဟုတ်) ကုစားမှု တို့အပြင် ဤစည်းကမ်းချက်များတွင် ဖော်ပြထားသော ကမ္ဘောဇဘဏ်၏အခွင့်အရေးများနှင့် ကုစားမှုများအား ထပ်ပေါင်းထည့် ထားခြင်း ဖြစ်သည်။

## ၁၆။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့်ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့ အပါအဝင် ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ် လာရသည့် မည်သည့်လုပ်ငန်း ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်း များအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ကတ်ကိုင်ဆောင်သူသည် နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေ များကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများ ကြုံတွေ့ရသည့် အတိုင်းအတာ အပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်ကပေးသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထား

မည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး အပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

## ၁၇။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၇.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ ပါဝင်သည့် transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အားတားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၇.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး နှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကိုစီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှု ရှိစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်အားလုံးကို ကတ်ကိုင်ဆောင်သူကပေးအပ်ရမည်။

၁၇.၃။ မည်သည့် transaction မျိုးအတွက်မဆို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ကတ်ကိုင်ဆောင်သူက ထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၁၈။ လျော်ကြေးအာမခံခြင်း

၁၈.၁။ Teen Debit Card နှင့် ငွေစာရင်း လုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှုကြောင့် ပေါ်ပေါက်လာရသည့် အခြားသောဆုံးရှုံးမှု၊ ဤစည်းကမ်းချက်တစ်ခုခုကို ကတ်ကိုင်ဆောင်သူက ချိုးဖောက်မှု၊ လိုက်နာဆောင်ရွက်ခြင်း မရှိမှု သို့မဟုတ် ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ၎င်း၏တာဝန်များ ဆောင်ရွက်ရာတွင် ကတ်ကိုင်ဆောင်သူမှ အမှားအယွင်းဖြစ်ခြင်း၊ ကိုယ်စားပြုခြင်း၊ ကိုယ်စားပြုမှုမှားယွင်းခြင်း၊ မသမာမှုပြုခြင်း၊ ပေါ့ဆမှုများကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်တာဝန်ရှိမှု၊ အခြား မည်သည့်ဆုံးရှုံးမှုကိုမျှ ကမ္ဘောဇဘဏ်ကတာဝန်မရှိစေရန်၊ ကတ်ကိုင်ဆောင်သူသည် သူ/သူမ၏ ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ကမ္ဘောဇဘဏ်ကို လျော်ကြေးပေးရန်၊ ကမ္ဘောဇဘဏ်အား ယင်းတို့မှ အကာအကွယ်ပေးရန်နှင့် ကမ္ဘောဇဘဏ်တွင် ထိခိုက်နစ်နာမှုမဖြစ်စေရန် ကတ်ကိုင်ဆောင်သူက သဘောတူသည်။

၁၈.၂။ မည်သည့်အခြေအနေမျိုးတွင်မျှ Teen Debit Card နှင့် ငွေစာရင်းလုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက် ဖြစ်သည့် ပျက်စီးဆုံးရှုံးမှုများကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသော ဆုံးရှုံးမှုများအတွက် ကမ္ဘောဇဘဏ်သည်ကတ်ကိုင်ဆောင်သူနှင့် အုပ်ထိန်းသူ/မိဘကို ပေးရန် တာဝန်မရှိစေရ။

၁၈.၃။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ပါ တာဝန်တစ်ခုခုကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ကတ်ကိုင်ဆောင်သူ အနေဖြင့် (တိုက်ရိုက်ဖြစ်စေ (သို့) သွယ်ဝိုက်၍ဖြစ်စေ) ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု၊ အငြင်းပွားမှု အစရှိသည့် ကိစ္စရပ်များအတွက် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရပါ။

၁၈.၄။ ကမ္ဘောဇဘဏ်မှ ကောက်ခံရရှိသည့် ချက်လက်မှတ်၊ ပြေစာ သို့မဟုတ် အခြားစာရွက်စာတမ်း တစ်ခုပေါ်တွင် ကတ်ကိုင်ဆောင်သူ၏ ထောက်ခံချက် သို့မဟုတ် ထုတ်ပေးကြောင်း အာမခံချက်ဖြင့် ကတ်ကိုင်ဆောင်သူ၏ တောင်းဆို ဖော်ပြချက်အရ ပေးအပ်ခဲ့သည့် ကိစ္စတိုင်းတွင် ကမ္ဘောဇဘဏ်မှ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်မဆို ကတ်ကိုင်ဆောင်သူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၈.၅။ ကတ်ကိုင်ဆောင်သူ၏ ကမ္ဘောဇဘဏ်ရှိ Teen Debit Card နှင့် ငွေစာရင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်ပါ ကမ္ဘောဇဘဏ်၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ညွှန်ကြားချက်များ လက်ခံခြင်း၊ ဖက်စ်ပေးပို့ ခြင်းနှင့် အခြားဆက်သွယ်ရေး (သို့မဟုတ်) အီလက်ထရောနစ် ညွှန်ကြားချက်များအား ဆောင်ရွက်ခြင်း(သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ကမ္ဘောဇဘဏ်မှဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုများ၊ တရားစွဲဆိုမှုများ၊ တောင်းဆိုမှုများ၊ နစ်နာဆုံးရှုံးမှုများ၊ ကုန်ကျမှုများ၊ အတိုး (တရားစီရင်ဆုံးဖြတ်မှုမတိုင်မီနှင့် ဆုံးဖြတ်ပြီးနောက် နှစ်ခုလုံးအပါအဝင်)နှင့် ကုန်ကျစရိတ်များ (ရှေ့နေနှင့်အမှုသည်ကြား အခြေခံသည့် ဥပဒေရေးရာစရိတ်အပါအဝင်) စသည်တို့အတွက် ကတ်ကိုင်ဆောင်သူတွင်သာ တာဝန်ရှိစေမည် ဖြစ်သည်။

၁၈.၆။ Teen Debit Card ကို ပိတ်သိမ်းလင့်ကစား အထက်ဖော်ပြပါ လျော်ကြေးအာမခံချက်များမှာ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

## ၁၉။ အချက်အလက် ထုတ်ဖော်ပြောကြားခြင်း

ကမ္ဘောဇဘဏ်သည် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခါ (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ လိုအပ် သည့် (သို့မဟုတ်) အထောက်အကူပြုသည်ဟုယူဆသည့်အခါ (တစ်ဦးတည်း ဖြစ်စေ၊ အခြားသူများနှင့်ပူးတွဲ၍ဖြစ်စေ ကမ္ဘောဇ ဘဏ်မှရယူထားသည့်ဝန်ဆောင်မှုများ၊ ချေးငွေတစ်ခုခု၏ ကြွေးမြီဆန်းစစ်မှုရည်ရွယ်ချက် အပါအဝင်) ကတ်ကိုင်ဆောင်သူနှင့် ဆိုင်သော အချက်အလက်များ၊ သူ/သူမ၏ Teen Debit Card နှင့် ငွေစာရင်း (များ) ၊ (သို့မဟုတ်) ရရန်ပိုင်ခွင့်များ (သို့မဟုတ်) ချေးငွေများနှင့် မည်သည့်အချက်အလက်မဆိုကို ကတ်ကိုင်ဆောင်သူ၏ ကိုယ်စား အောက်ပါတို့ထံသို့ ကမ္ဘောဇဘဏ် အားပေး ခွင့်ပြုသည် -

၁၉.၁။ ကမ္ဘောဇဘဏ်၏ ရုံးချုပ်၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ဘဏ်ခွဲ (သို့မဟုတ်) လက်အောက်ခံတစ်ခုခု၊

၁၉.၂။ စာရင်းစစ်များ၊ ကျွမ်းကျင်အကြံပေးများနှင့် ကမ္ဘောဇဘဏ်လီမိတက်၏လျှို့ဝှက် တာဝန်နှင့်သက်ဆိုင်သည့် အခြားပုဂ္ဂိုလ်(များ)၊

၁၉.၃။ ကမ္ဘောဇဘဏ်ကွန်ပျူတာစနစ်များကိုရောင်းချသူ၊ တပ်ဆင်ပေးသူ၊ ပြင်ဆင်ထိန်းသိမ်းသူ (သို့မဟုတ်) ပြုပြင်ပေးသူ များ၊

၁၉.၄။ ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်ရုံးချုပ် (သို့မဟုတ်) ကမ္ဘောဇဘဏ်ခွဲတစ်ခုခုအပေါ်၊ သို့မဟုတ် ကတ်ကိုင်ဆောင်သူ (သို့မဟုတ်) ကတ်ကိုင်ဆောင်သူ၏ Teen Debit Cardနှင့်ငွေစာရင်းကဆောင်ရွက်သည့် ငွေကြေးလုပ်ငန်းများအပေါ် စီရင်ပိုင်ခွင့်ရှိသော စတော့အိတ်ချိန်း၊ ဈေးကွက် (သို့မဟုတ်) အာဏာပိုင်တစ်ခုခု၊

၁၉.၅။ အဆိုပါတောင်းဆိုမှု သို့မဟုတ် မေတ္တာရပ်ခံမှုကို လုပ်ခွင့်ရှိသောအဖွဲ့တစ်ခုခု၊

၁၉။၆။ စည်းကမ်းချက်များအရ မိမိ၏အခွင့်အရေး၊ တာဝန် (သို့မဟုတ်) စွန့်စားရမှုများကို ရောင်းချရန် (သို့မဟုတ်) လွှဲအပ်ရန် (သို့မဟုတ်) မျှဝေရန် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဉ်ပြုရန် ကမ်းလှမ်းသူ တစ်ဦးဦး၊

၁၉။၇။ ကတ်ကိုင်ဆောင်သူ၏ Teen Debit Card နှင့်ငွေစာရင်း(များ) (သို့မဟုတ်) ချေးငွေများ (သို့မဟုတ်) ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုများပေးရန်အတွက် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဉ်ပြုရန် ကမ်းလှမ်းသူတစ်ဦးဦး (အေးဂျင့်၊ ကန်ထရိုက်တာ (သို့မဟုတ်) တတိယ အဖွဲ့ ဝန်ဆောင်မှုပေးသူများ အပါအဝင်)၊

၁၉။၈။ ကတ်ကိုင်ဆောင်သူနှင့်ဆက်ဆံရန် (သို့မဟုတ်) ကတ်ကိုင်ဆောင်သူကို ဝန်ဆောင်မှုပေးရန် (သို့မဟုတ်) ကတ်ကိုင်ဆောင်သူ၏ ငွေစာရင်းများ၊ ချေးငွေများဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆက်ဆံရေး အရာရှိများအပါအဝင် ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ် ၏ရုံးချုပ် (သို့မဟုတ်) အဖွဲ့ဝင်ကုမ္ပဏီကခန့်ထားသည့် (သို့မဟုတ်) အေးဂျင့်အဖြစ် ပါဝင်စေသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

၁၉။၉။ ဒေတာတွက်ချက်မှုနှင့် အခြားအုပ်ချုပ်ရေးလုပ်ငန်းများကို ကမ္ဘောဇဘဏ်က ဗဟိုထိန်းချုပ်နိုင်ရန် (သို့မဟုတ်) အထက်ပါ ဝန်ဆောင်မှု/လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်၏ရုံးချုပ်၊ ယင်း၏ အဖွဲ့ဝင်များ (သို့မဟုတ်) တတိယအဖွဲ့များသို့ လုပ်ငန်းအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း၊

၁၉။၁၀။ ၎င်း/သူ/သူမ၏တာဝန်ကိုထမ်းဆောင်ရာတွင် ကတ်ကိုင်ဆောင်သူက ပြစ်ချက်ကျူးလွန်သည့် ဖြစ်ရပ်တွင် အစိုးရ/ စည်းကမ်း ထိန်းသိမ်းရေး/တရားရေးအာဏာပိုင် တစ်ဦးဦးထံသို့ ပေးအပ်ခြင်း။

## ၂၀။ အထွေထွေ

၂၀။၁။ ကမ္ဘောဇဘဏ်သို့ ကတ်ကိုင်ဆောင်သူကပေးထားသည့် ကတ်ကိုင်ဆောင်သူ၏လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ email address၊ အမိကသက်သေခံစာရွက်စာတမ်းများ (မှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ်စသည်) (သို့မဟုတ်) အခြားအချက်အလက် တစ်ခုခု အပြောင်းအလဲဖြစ်ပါက ကတ်ကိုင်ဆောင်သူသည် ဘဏ်သို့ ဖြစ်နိုင်သမျှဆောလျင်စွာ အကြောင်းကြားရမည်။

၂၀။၂။ အုပ်ထိန်းသူ/မိဘနှင့် ကတ်ကိုင်ဆောင်သူသည် Teen Debit Cardနှင့်ငွေစာရင်းကို ပိတ်သိမ်းရန်ရွေးချယ်ပါက ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲသို့ အုပ်ထိန်းသူ/မိဘနှင့် ကတ်ကိုင်ဆောင်သူ ကိုယ်တိုင်လာရောက်ရမည်။

၂၀။၃။ ကတ်ကိုင်ဆောင်သူသည်မှ Teen Debit Cardနှင့်ငွေစာရင်းကို ပိတ်သိမ်းသည့်အခါ၊ သူ/သူမ၏ Teen Debit Card ကို ကမ္ဘောဇဘဏ်သို့ ချက်ခြင်းပြန်လည်ပေးအပ်ရမည်။ ကတ်ကိုင်ဆောင်သူ၏ Teen Debit Cardနှင့် ငွေစာရင်း အတွင်းကျန်ရှိသည့် ငွေကြေးအားလုံးကို ငွေစာရင်းပိတ်သိမ်းချိန်တွင် ကတ်ကိုင်ဆောင်သူထံသို့ ကမ္ဘောဇဘဏ် မှ သတ်မှတ်ထားသော ဘဏ်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပေးအပ်မည်ဖြစ်သည်။ ကမ္ဘောဇဘဏ် သည် ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားသော ကတ်ကိုင်ဆောင်သူ၏ Teen Debit Cardနှင့် ငွေစာရင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို စစ်ဆေးမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်ထံသို့ ကတ်ကိုင်ဆောင်သူကပေးရန် ကျန်ရှိသည့်ပမာဏ အတွက် မည်သည့်စာရင်းမှမဆို ကမ္ဘောဇဘဏ်က နှုတ်ယူပိုင်ခွင့်ရှိသည်။

၂၀။၄။ လုံလောက်သောအကြောင်းရင်းများအတွက် Teen Debit Cardနှင့် ချိတ်ဆက်ထားသော ငွေစာရင်းကို မည်သည့် အချိန်၌မဆို ကမ္ဘောဇဘဏ်က ပိတ်သိမ်းခွင့်ရှိပြီး ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်ကာလ

အထိ လက်ကျန်ငွေ "သုည (၀)" ဖြစ်နေသော Teen Debit Cardနှင့် ချိတ်ဆက်ထားသည့် ငွေစာရင်းများကိုလည်း ကမ္ဘောဇဘဏ်က ပိတ်သိမ်းခွင့်ရှိသည်။

၂၀၊၅။ ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့်ကာလတစ်ခုအထိ ငွေစာရင်းသည် ငွေသွင်းငွေထုတ်မရှိလျှင် (သို့မဟုတ်) စာရင်းသေဖြစ်နေလျှင် ထိုငွေစာရင်းကို ကမ္ဘောဇဘဏ်က ပိတ်ပင်ခြင်း/ယာယီရပ်ဆိုင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။ ကမ္ဘောဇဘဏ်သည် ငွေသွင်းငွေထုတ်မရှိသောစာရင်း (သို့မဟုတ်) စာရင်းသေစာရင်းများအပေါ် စာရင်းထိန်းသိမ်းခ ကောက်ခံခွင့်ရှိမည်ဖြစ်ပြီး ထိုစာရင်းထိန်းသိမ်းခအား ကတ်ကိုင်ဆောင်သူ၏ ငွေစာရင်းမှ နုတ်ယူဖြတ်တောက်သွားမည်ဆိုသည်ကို ကတ်ကိုင်ဆောင်သူအနေဖြင့် သိရှိလက်ခံသဘောတူပါသည်။ ဤစည်းမျဉ်း စည်းကမ်းများတွင် သတ်မှတ်ထားသည့်အတိုင်း ကတ်ကိုင်ဆောင်သူ၏ ငွေသွင်းငွေထုတ်မရှိသောစာရင်း (သို့မဟုတ်) စာရင်းသေဖြစ်နေသော ငွေစာရင်းအဖြစ်သို့ ပြောင်းလဲသောအခါတွင်၊ ကတ်ကိုင်ဆောင်သူထံ ထုတ်ပေးသော Teen Debit Card သည် အလိုအလျောက် ရပ်ဆိုင်းသွားပါမည်။ ကတ်ကိုင်ဆောင်သူနှင့် အုပ်ထိန်းသူ/မိဘအနေဖြင့် ၎င်းတို့၏ ငွေသွင်းငွေထုတ်မရှိသောစာရင်းများကို ပြန်လည် အသုံးပြုလိုပါက ငွေစာရင်းဖွင့်ခဲ့သည့် ကမ္ဘောဇဘဏ် သို့မဟုတ် နီးစပ်ရာကမ္ဘောဇဘဏ်ခွဲများသို့ ကိုယ်တိုင်သွားရောက်၍ တောင်းဆိုချက်ပြုလုပ်ရမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ လိုအပ်သော KYC (Know Your Customer) ၏ အချက်အလက်များအားလုံးကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ကမ္ဘောဇဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲ သတ်မှတ်နိုင်သည်ကို ကတ်ကိုင်ဆောင်သူနှင့် အုပ်ထိန်းသူ/မိဘမှ သိရှိနားလည်ပါသည်။ ကမ္ဘောဇဘဏ်သည် အုပ်ထိန်းသူ/မိဘ၏ တောင်းဆိုချက်အရ ငွေသွင်းငွေထုတ်မရှိသောစာရင်းအား ပြန်လည်အသက်သွင်းခြင်း လုပ်ငန်းစဉ်ကို ကမ္ဘောဇဘဏ်၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂၀၊၆။ အဆိုပါဖြစ်ရပ်တွင် အုပ်ထိန်းသူ/မိဘ က ငွေစာရင်းဖွင့်သည့်ကမ္ဘောဇဘဏ်သို့ လူကိုယ်တိုင်လာ၍ ငွေစာရင်းပြန်ဖွင့်ကာ ကမ္ဘောဇဘဏ်က တောင်းဆိုသည့် KYC (သင်၏ ဖောက်သည်ကို သိပါ) လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းရမည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အခါအားလျော်စွာ ပြင်ဆင်နိုင်သည်ကို အုပ်ထိန်းသူ/မိဘမှ အသိအမှတ်ပြုပါသည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ထိန်းသူ/မိဘ၏ တောင်းဆိုချက်အရ Inactive Account activation လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၊၇။ ကမ္ဘောဇဘဏ်သည် အခါအားလျော်စွာ ဥပဒေကလိုအပ်သည့်အတိုင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံသို့ ဘဏ်သည် အထုတ်အသွင်းမရှိ (သို့မဟုတ်) စာရင်းသေဖြစ်နေသော အပ်ငွေစာရင်း ဆိုင်ရာအချက်အလက်များကို တင်ပြနိုင်သည်။

၂၀၊၈။ ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် အပ်ငွေစာရင်း နှင့်/သို့မဟုတ် အတိုးနှုန်း၊ သက်တမ်း၊ အနည်းဆုံးထားရှိရမည်လက်ကျန်ငွေပမာဏ၊ လုပ်ငန်းစဉ်တို့အား ဤတွင်ပါဝင်သောအချက်များသာဖြစ်သည်ဟု ကန့်သတ်ထားခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို၊ ကြိုတင်အကြောင်းကြားခြင်းကို ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ် သည် ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအား ဆောင်ရွက်ခွင့်ရှိသည်။

၂၀၊၉။ ကမ္ဘောဇဘဏ်သည် ငွေစာရင်းဆိုင်ရာ သတင်းအချက်အလက်များအား တရားရုံးနှင့် အစိုးရအာဏာပိုင်များထံ ပေးရန်လိုအပ်လာပါက ပေးပိုင်ခွင့်ရှိကြောင်း အုပ်ထိန်းသူ/မိဘမှ သိရှိသဘောတူပါသည်။

၂၀.၁၀။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀.၁၁။ ငွေစာရင်းလုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

## ၂၁။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ်ဖြင့်ဖြစ်စေပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည် မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၂၂။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုပ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ကတ်ကိုင်ဆောင်သူက သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်း စည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ကတ်ကိုင်ဆောင်သူတွင် တာဝန်အပြည့်အဝရှိပါသည်။ ဤစည်းကမ်းသတ်မှတ်ချက်များအား ပြောင်းလဲမှု သို့မဟုတ် ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက် ကတ်ကိုင်ဆောင်သူသည် ဤဝန်ဆောင်မှု၏ မည်သည့်အသုံးပြုမှုတိုင်းမဆို ဤပြောင်းလဲသွားသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

## ၂၃။ လွှဲပြောင်းခြင်း

ကမ္ဘောဇဘဏ်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ကတ်ကိုင်ဆောင်သူသည် ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သော ၎င်း၏အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များ တွင်ပါဝင်သော မည်သည့် အစိတ်အပိုင်းမဆိုအား ဖော်ဆောင်ရန်အတွက် မည်သည့် လက်ခွဲစာချုပ်ကိုမဆို ချုပ်ဆိုခြင်း မပြုရ။

## ၂၄။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့် စည်းကမ်းချက်များကို သဘောတူထားသည့် ကမ္ဘောဇဘဏ်နှင့် ကတ်ကိုင်ဆောင်သူတို့သည် အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သူ၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်းမရှိစေရ။ ကတ်ကိုင်ဆောင်သူနှင့် ကမ္ဘောဇဘဏ် တို့သည် သီးခြားလွတ်လပ်သော သူများဖြစ်ပြီး မည်သည့်ဖက်ကမဆို အခြားတစ်ဖက်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်း များအတွက်တာဝန်မရှိစေရ။

## ၂၅။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့် မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှု မရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည် ဖြစ်သည်။

## ၂၆။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပ ဒေများ နှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်း စည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည် ဖြစ်သည်။

## ၂၇။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။